ငါ့သား သာ သေရင်တော့ကာ ပြီးတော့တာပေါ့။ ကြားလား။ သားကို အားကိုးနေတာလေ။ မျက်လုံး ပြူးနေတော့တာ မျက်နှာ မလှဘူး။ ကဲ ကားကို သွားမေး တော့လည်း ကားက မရှိ။ ဟိုကားမေးလည်း ပျက်နေတာ ဦးရဲ့။ ထွက်လို့ မရပြီ။ အိပ်လို့ ပျော်ပါ့မလားပေါ့။ အိပ်လို့ မပျော်တော့ဘူး။ စားလို့ရော မြိန်ပါ့မလားပေါ့။ မမြိန်တော့ဘူး။ အဲဒါ လေးငါး ခြောက်ရက်ခုနစ်ရက် ကြာတယ်။

ဟော ကားပျက်နေတဲ့ ပုဂ္ဂိုလ်က ဦးကောင်းသွားပြီ။ လိုက်မယ်ဆို ကျုပ်မနက်ဖြန်ခါ ထွက်မှာ ။ အဆင်သင့် လုပ်ထား။ အဲ လိုက်ပါရစေကွာ။ အင်း တရား ဆွေးနွေးဖက်တွေက လာတာ ပေါ့ နှုတ်ဆက်။ ကဲကဲ ငါတို့ထဲမှာ မင်း အတော်ဆုံးကွဲ့။ ငါတို့က သတိလောက်သာ ပေးနိုင်တာပေါ့။ မင်း အတော်ဆုံး။ မပူဘဲလည်း မရှိ။ ပူလည်း မပူနဲ့။ မပူဘဲလည်း မရှိနဲ့။ အဲဒီလို သတိပေး တော့တာ။ အဲဒီလို ပြောပြောဆိုဆိုနဲ့ ကြေးနန်း တစ်စောင် ပေါ်လာတော့ တာ။ ထိတ်ကနဲ သွားတော့တာ။ ကြေးနန်းတစ်စောင် ပေါ်လာတာ။

ကဲ ဖောက်ပြီးတော့ ဖတ်ကြစမ်းပေါ့။ ဖောက်ပြီးတော့ ဖတ်ကြစမ်း။ ဖောက်ပြီးတော့ အဖတ် ခိုင်းတာ။ ကြေးနန်း အသွားအလာက ကောင်းတော့ အားလုံး နားထောင်ကြ။ အဖေတဲ့ ဆေးရုံ တက်တာ ငါးရက်ကြာတယ်။ ဆရာဝန်ကောင်းနဲ့ တွေ့ဆေးကောင်းနဲ့ တွေ့နှစ်လုံး သာ ထိုးရတယ်။ ရောဂါ ပျောက်သွားတယ်။ အခု ဆေးရုံက ဆင်းခဲ့ပြီ။ အခု လ ကုန်သွားရင် ခွင့် တစ်လ ရတယ်။ အစိုးရ သိန်းထီ ငါးသောင်းပေါက်တယ်။ ပြန်ခဲ့မယ်။ ပြီးသွားတာပါ့ကွဲ့။ ကဲ စိတ်ကြောင့်ဖြစ်တာ။ ကံစိတ်ဥတုအာဟာရ။ ကဲ ရှင်မလာဘူးလား။ မွေးကတည်းက ပါတာဟုတ်ကဲ့လား။ အဲဒါမို့ ကံစိတ်ဥတုအာဟာရ အကြောင်း တရား တွေနော်။

နာမက္ခန္ဓာလေးပါး အကြောင်းရှာကြည့်တော့ကာ ရုပ်နှစ်ခု။ ရုပ်နှစ်ခုရဲ့အကြောင်း ရှာကြည့် တော့ ကံစိတ်ဥတုအာဟာရ လေးပါး။ ကဲ သူတွေငါတွေလား အကြောင်း အကျိုးလား။ အဲလို စိစစ်ဖို့ မကောင်းလား။ ထိထိမိမိ အဲဒါ သဘောပေါက်ဖို့ လိုတယ်။

<u>ရုပ်နာမ်သုညတ။(ငါးသလောက်နဲ့ပဲကြီးဟင်း ဥပမာပြ)</u>

ကဲ တစ်ခါ ပြန်ပြီးတော့ ရုပ်တစ်လုံး နာမ်တစ်လုံး သုညတဆိုက်ဖို့ လိုတယ်။ ပညတ် ပရမတ် လည်း သိဖို့ ပယ်သင့်တဲ့ တရားကို ပယ်ဖို့။ မပယ်သင့်တာ မပယ်ဖို့ စိစစ်ဖို့ မကောင်းဘူး လား။ ကဲ မိမိကနေပြီးတော့မှ ငါးကြီးကြော် စားကြည့်လိုက်။ ငါးသလောက်ကြော်ပေါ့ ဟာ ရန်ကုန်မှာတော့ နာမည်ကြီးပေါ့။ ငါးသလောက်။ မင်းအလှူက ဘာကျွေးမှာလဲ။ ငါးသလောက် နဲ့ ပဲကြီးဟင်း။ ဟ လိုက်မယ်ပေါ့ ပဲကြီးဟင်းပါရင်။ ဟား ဟား ... ဟား။ ကြားလား။

17.5.2005,(7:00pm)15

ငါးသလောက်တဲ့ အဲဒီလို စားကြည့်လိုက်တဲ့ အခါ ငါးသလောက်တွေ့တာလား ဆိမ့်အရသာ တွေ့သလား။ ဆိမ့်ရသာ တွေ့တယ်။ စဉ်းစားနော်။ အဲဒီ ဆိမ့်တဲ့ရသာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား။ မမြင်ရဘူး။ လက်နဲ့ ကိုင်ကြည့် တွေ့ပါမလား။ နမ်းကြည့်ရင်ကား တွေ့ပါ့ မလား။ တွေ့ဘူးကွဲ့။ စဉ်းစား။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား။ လျှာနဲ့ကျမှ သိနိုင်တာနော်။ ဆိမ့်တယ်ဆိုတာ အကောင်အထည် ဟုတ်ရဲ့လား။ သဘောအနေနဲ့တော့ ထင်ရှားတယ် နော်။ အဲလို သိဖို့ လိုတယ်။ အဲဒါ စားသိစိတ် ဇိဝှါဝိညာဏ်ပေါ့။ သူက နာမ် တရား မရဘူး လား။ လျှာအကြည်နဲ့ ဆိမ့်တဲ့ ရသာက ရုပ်တရား မရလား။ ငါးသလောက်လား နာမ်နင့်ရုပ် လား။ နာမ်ရုပ်ပဲ တွေ့တယ်။ အဲဒီ နာမ်ရုပ်အပေါ်မှာ ငါးသလောက်လို့တော့ မခေါ်ဘူးလား။ အဲတာ သမုတ်ရှိနော်။ ဒီလိုမှ မခေါ်ရင် မင်း ဟင်းရူးခိုင်းတော့ တခြားဟာတွေ ရူးခဲ့ ဘယ်နှယ့် လုပ်မလဲဟ။ ငါးသလောက် ယူခဲ့ဦးလို့ ပြောရတာ။ ဒီမှာ စွက်စမ်းဦးဟဲ့ ငါးသလောက်ဟင်း။ ပဲကြီး ဟင်းစွက်စမ်းဦး မပြောရ လား။ ခေါ်တာ ပြောတာတွေ မမှန်လား။ ဘုရား ပယ်ရဲ့လား။ တွေ့တာက ငါးသလောက်လား နာမ်နင့်ရုပ်လား။ ပဲကြီးဟင်းလား နာမ်နင့်ရုပ်လား။ ခေါ်တော့ ပဲကြီးဟင်း ပေါ့။ တွေ့တာက နာမ်နင့် ရုပ်။ နို့မို့ ဘာတွေ ပယ်တာလဲ။ စဉ်းစားဖို့ မကောင်းလား။ ပဲကြီး ဟင်းလို့ မစွဲဘူးလား။ ငါးသလောက် လို့ မစွဲဘူးလား။ အခု တွေ့နေတာက ဆိမ့်တဲ့ ရသာ နော်။ ဆိမ့်တဲ့ရသာလို့ စားသိစိတ်လေးက ဇိဝှါဝိညာဏ် နာမ်တရား မရလား။ လျှာ အကြည် နဲ့ ဆိမ့်တဲ့ ရသာက ရုပ်တရား မရလား။ ငါးသလောက် တွေ့တာလား နာမ်နင့်ရုပ်လား။ ပဲကြီး ဟင်း တွေ့တာလား နာမ်နင့်ရုပ် လား။

ကဲ ပဲကြီးဟင်း မတွေ့တာ ရှိလို့လား မရှိလို့လား။ ငါးသလောက် မတွေ့တာ ရှိလို့လား မရှိလို့ လား။ အဲတာ ပယ်တာဗျ။ ခေါ်တာ ပယ်ရဲ့လား။ မပယ်တာလည်း သိ ပယ်တာလည်း သိ။ တွေ့တဲ့တရား ကလည်း ပိုင်းခြား နာမ်နင့်ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ သိပယ်လို့ မဟောဘူးလား။ ရုပ်ထဲမှာ ရှာချင်တာ ရှာ ငါးသလောက် တွေ့ရဲ့လား။ နာမ်ထဲမှာ ရှာချင်တာ ရှာ ပဲကြီးဟင်း တွေ့ရဲ့လား။ တွေ့တာက နာမ်နင့်ရုပ်။ ဒါတော့ ရုပ်နာမ် သုညတလို့ မဟော ဘူးလား။ သုညတ ဆိုက်ဖို့ လိုတာ။ သုညတ ဆိုက်ဖို့ လိုတာ။ ရုပ်နာမ်သုညတ။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ တွေ့တဲ့ တရားပေါ်မှာ နလုံးသွင်းမှန်တာ လိုတာကွဲ့။ မှားတာ လိုတာ ကွဲ့။ ခေါ်ရုံကိုလည်း သိထား။ မရှိတာကြီး အရှိ လုပ်ပြီးတော့ စွဲတာ။

ကဲ စားကြည့်တော့ကာ ဆိမ့်ဆိုတဲ့ရသာပေါ်မှာ ငါးသလောက်ငါး အနေနဲ့ မစွဲဘူးလား။ ဆိမ့် ရသာ ပဲကြီးဟင်း အနေနဲ့ မစွဲဘူးလား။ စွဲတယ်နော်။ အဲဒီတော့ ဆိမ့်ရသာ ရူပက္ခန္ဓာတရား ပေါ်မှာ ငါးကြီး

သား အနေနဲ့ ငါးသလောက်အနေနဲ့ စားချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယ သစ္စာ။ ဆိမ့်ရသာ ရူပက္ခန္ဓာတရားပေါ်မှာ ပဲကြီးဟင်း အနေ ပဲကြီးဟင်း အနေနဲ့ စားချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘတဏှာ သမုဒယသစ္စာ။ သမုဒယသစ္စာ အကြောင်းရှိရင် အကျိုး ခန္ဓာ မရဘူး လား။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ နော်။ ခန္ဓာရတဲ့ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့ လား။ ဘာသစ္စာလဲ ။ ဩော် သမုဒယ ဒုက္ခပေါ့။ ဟော ကဲ သမုဒယ ဒုက္ခလို့ မဟောဘူးလား။ သမုဒယ ဒုက္ခပဲ တွေ့တယ်။

ငါးသလောက်တွေကား တွေ့သေးရဲ့လား။ ပဲကြီးဟင်းကော တွေ့သေးရဲ့လား။ သူတွေ ငါတွေ ကား တွေ့သေးရဲ့လား။ တွေ့တာ သမုဒယဒုက္ခ။ ဒါအကြောင်းရှိလို့ အကျိုးတရား ပေါ်တာနော်။ အလိုလိုဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲလို စိစစ်ဖို့ မကောင်း လား။ ကဲ ဆိမ့် ဆိမ့်ရသာ ရူပက္ခန္ဓာ တရား၏ အဲလို မျိုကြည့်လိုက်တဲ့ အခါ မှာ ဆိမ့်ရသာကား တွေ့သေးရဲ့လား။ မတွေ့တော့ဘူးနော်။ ဆိမ့်ရသာ ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ။ ဆိမ့်ရသာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခ သစ္စာ။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာက နိရောဓ သစ္စာ။ သစ္စာလေးပါး တစ်စုံ မဂ္ဂ၊နိရောဓ၊ သမုဒယ၊ဒုက္ခ။ စားရင်းနဲ့သစ္စာလေးပါး။

ကဲ အဲဒီ သစ္စာလေးပါးသိမှ သောတာပန်လို့ ဟော၊ မဟော။ သစ္စာလေးပါးသိမှ သကဒါဂါမ်။ သစ္စာလေးပါး သိမှ အနာဂါမ်။ သစ္စာလေးပါး သိမှ ရဟန္တာ။ ဒီလို စိစစ်ဖို့ မကောင်းလား။ ကဲ အဲတာ ပယ်ရမည့် တရားက သမုဒယ ဒုက္ခပေါ့။ လက်ခံ သိမ်းပိုက်ရမှာ မဂ္ဂနိရောဓလို့ မဟောလား။ ကဲ အဲတော့ ပယ်သစ္စာကနှစ်ပါး ပိုင်သစ္စာကနှစ်ပါး။ အဲလို သိမှ ပြင်မှာနော်။ အဲလို စိစစ်ဖို့ မလိုဘူး လား။ အဲတာ လိုရင်းအချက်တွေကွဲ့ ကြားလား။ စဉ်းစား ဒါကြောင့် ခန္ဓာဖွဲ့သစ္စာဖွဲ့။ စာအုပ်မှာ ပါတယ်။ လေ့လာပါ။ စာဖတ်တဲ့အချိန်က စပြီးတော့မှ ကဲ... ဥဒ္ဒစ္စပျံ့လွင့်သေးရဲ့လား။ ဒီထဲမှာ နေတဲ့အခါကျတော့ ကဲ ကုသိုလ်တွေ မဖြစ်ဘူးလား။ ကုသိုလ်တွေလည်း ဖြစ်တော့ ဟော ခန္ဓာဖွဲ့နည်း လည်း ရမယ်။ သစ္စာဖွဲ့နည်း လည်း ရမယ်။ အဲဒီလို ခန္ဓာဖွဲ့ကြည့်တော့ ပယ်ရမည့် တရား သမုဒယ၊ဒုက္ခ။ လက်ခံ သိမ်းပိုက်ရမည့်တရား မဂ္ဂ၊နိရောဓ။ အဲဒီလိုသိမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တာဗျ။ စဉ်းစားဖို့ မကောင်းလား။

<u>အဝိဇ္ဇာပစ္စယာသင်္ခါရာ။(သောတဒွါရ)</u>

ကဲ တစ်ဦး တစ်ယောက်က နေပြီးတော့မှ လေ့လာကြ။ ဆဲမယ်။ ဘယ်လိုတွေလဲ လို့ စဉ်းစား ဦး။ ဆဲမယ် ဆိုမယ် ဆိုတဲ့အခါ အရှက်ကွဲလောက်အောင်ပေါ့။ ဘယ်လိုတွေ အရှက်ကွဲလောက်

အောင်လဲ လို့ ပြန် စဉ်းစားကြည့်ကြ ။ အဲဒီ အမျိုးသမီးဟာ ကျောင်းကန်ဘုရားတော့ သွားတယ် ဥပုသ် ဆောက်တယ်။ မိမိ လုပ်တယ်ကိုင်တယ်။ နို့မို့ ညမှာ ခိုးတယ်ကွဲ့။ ငါ ဘယ်နှစ်ခါ တွေ့ပြီ တကယ်ခိုးတယ်။ အဲလိုလေး ပြောလိုက်ရင် အဲဒီလူဟာ ဝမ်းမြောက် ဝမ်းသာ ဖြစ်မလား စိတ်ဆိုး မလား။ စိတ်ဆိုးမယ်။ အဲဒါ စိတ်ဆိုးတာ ကုသိုလ်လား၊ အကုသိုလ်လား။ ဟော အဲဒီ အကုသိုလ် တရားတွေ ဘယ်ဆီက လာတာလဲ လို့ စိစစ်ဖို့ မကောင်းလား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ မဟောဘူးလား။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ။

အဝိဇ္ဇာ ဘာကို ခေါ်တာလဲလို့ ပြန်စိစစ်ဖို့ မကောင်းလား။ ကဲ အခုလို ပြောတဲ့အခါမှာ မြင်တာ လား ကြားတာလား။ အသံ ရူပက္ခန္ဓာနော်။ ခိုးတယ်ပြောတယ်ဆိုတာ မြင်တာလား ကြားတာ လား။ အသံ ရူပက္ခန္ဓာ တရားမှာ ခိုးတယ်လို့ နလုံးသွင်း မမှားလား။ သြော် နလုံးသွင်းမှားတာ နော်။ ဝိဇ္ဇာလား အဝိဇ္ဇာလား။ ဟော အဝိဇ္ဇာပေါ့။ အဝိဇ္ဇာဆိုတော့ကာ အဝိဇ္ဇာက စဉ်းစား နလုံးသွင်း မှားတာ အဝိဇ္ဇာ လို့ မဟောဘူးလား။

ပါးစပ်က ဆဲလိုက်တာ သင်္ခါရ။ ဟော ဝစီသင်္ခါရလို့ မဟောဘူးလား။ ခြေလွှန်လက်လွှန် လုပ်တာ တော့ ကာယသင်္ခါရ။ ဤနှစ်ခု အထမြောက်တာ စိတ္တသင်္ခါရဗျ။ အဲဒါစိတ်က ဒီလိုဆို တော့ မခံချင်ဘူး။ ပြောမယ်။ ငါ့ဘာထင်လဲ ဟော ဝစီသင်္ခါရဖြစ်ပြီ။ ခြေလွှန် လုပ်တာက ကာယသင်္ခါရ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဘယ်ဝိညာဏ်လဲ အပါယ်ဝိညာဏ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် အပါယ် လေးဘုံပေါ့နော်။ အဲဒီလို မရှိဘူးလား။ ဒီလိုဆိုတော့ ခန္ဓာဖွဲ့ သစ္စာဖွဲ့ သိဖို့လိုတာပေါ့။ မလိုဘူးလား။ အဲဒီလို လိုတယ်။ လိုတဲ့အခါ ပြန်ကြည့်တော့ခါ ကြားရင် သတိ သတိပြုတော့ကာ ဟော သူခိုးလား အသံလား။ အသံလို့ကြားတော့ နလုံး သွင်း မမှန်လား။ သူခိုးလို့ ကြားတော့ကာ နလုံးသွင်း မမှားလား။ မှားတာ အဝိဇ္ဇာနော်။ မှားတော့ ကော်ဆဲတာ ဝစီကံပေါ့။ခြေလွှန် လုပ်တာ ကာယကံပေါ့။ စဉ်းစားဖို့ မကောင်းလား ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အဲဒီ ကံတွေကြောင့် အပါယ်ကို မကျဘူးလား။

ကဲ နလုံးသွင်း မှန်မယ် အသံလို့သာ သိမယ်ဆိုရင် သူခိုးကား တွေ့သေးရဲ့လား။ ပုဂ္ဂိုလ် သတ္တဝါ ကား တွေ့သေးရဲ့လား။ အသံလို့ ကြားသိတာက သောတဝိညာဏ်က နာမ်တရား မရလား။ အသံ က ရုပ်တရား မရလား နာမ်ရုပ် နှစ်ပါး။ သူခိုးလား နာမ်နှင့်ရုပ်လား။ ကဲ ဒိဋ္ဌိ မပြုတ်ဘူးလား။အဲဒီ အသံရူပက္ခန္ဓာက ကြားပြီးတော့ မပျက်လား။ ကြားသိစိတ် သောတ ဝိညာဏ်ကလည်း ကြားသိပြီး တော့ မပျက်လား။ ပျက်ရင်နိစ္စလား။ အနိစ္စလား။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရား လား။ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ ဟောမလား ဒုက္ခ။ ဤဒုက္ခ တရားကို

ပိုင်သူ ရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောလား။ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့ပြီ။ အဲတာ ပွားလို့ တွေ့တာ။ ပွားလို့သိတာ။ အနိစ္စတရား ၊ဒုက္ခတရား၊ အနတ္တတရား။ ကဲ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ ကဲ စဉ်းစားနော်။ နာမ်ရုပ်ကို တွေ့တုန်းက ကဲ သူခိုးမသား တွေ့သေးရဲ့လား။ သူခိုးကား တွေ့ရဲ့လား။ တွေ့တာက သူခိုးလား နာမ်နှင့်ရုပ်လား။ ဒြော် သူခိုးမသားလား နာမ်နှင့်ရုပ်လား။ ဉာတပရိညာ နာမ်ရုပ်ပဲ တွေ့တယ်။ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တော့ခါ နာမ်ရုပ်တွေ့သေးရဲ့လား။ တီရဏပရိညာ။ စဉ်းစားဖို့ မကောင်းလား။

<u>အာရုံမှန်တော့သဒ္ဓါ မှန်တယ်။</u>

အာရုံမှန်မှ သဒ္ဓါ မှန်တယ်။ကြားဖူးမှ နား၀ နား၀မှ တရားရတယ်။ အာရုံ အခု နာမ်ရုပ်က အာရုံ တရား နော်။ နာမ်ရုပ် တရားနစ်ပါးလို့ သိတာ အာရမ္မဏိက ။ အာရုံ- အာရမ္မဏိက ။မဂ္ဂင်ငါးပါးက အာရမ္မဏိက တရား။ နာမ်ရုပ်က အာရုံတရား။ အာရုံ- အာရမ္မဏိက ။

လူလား နာမ်နှင့်ရုပ်လား ။ နတ်လား နာမ်နှင့်ရုပ်လား၊ ဗြဟ္မာလား နာမ်နှင့်ရုပ်လား။ ကဲ နာမ်ရုပ်လို့ တွေ့ပြီနော်။ ကဲ လူ၊နတ်၊ဗြဟ္မာ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိရင် အာရုံမှန်တော့ သဒ္ဓါ မှန်တယ် လို့ မဟောဘူးလား။ ကဲ ယုံကြည်ပြီ။ အာရုံမှန်တော့ သဒ္ဓါ... အာရုံက နာမ်ရုပ် ဖြစ်နေ တယ် ခန္ဓာငါးပါး ဖြစ်နေတယ်။ အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။ အဲဒီလို ယုံကြည်တဲ့ ပုဂ္ဂိုလ်က လူရှိတယ်၊ နတ်ရှိတယ် ၊ဗြဟ္မာရှိတယ်လို့ ပြော သူ လက်ခံပါတော့မလား။ သူ ဘာကြောင့် လက်မခံ တာလဲလို့ မေးဖို့ မကောင်းလား။ လူ၊နတ်၊ဗြဟ္မာ မတွေ့ဘဲကိုး။ တွေ့တာက နာမ်ရုပ် တွေ့တယ်။ တွေ့တာကို အမှန် မယူရဘူးလား။ ကဲ ဒါကြောင့် အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။ စဉ်းစားနော်။

ကဲ တစ်ခါ အဲဒီ အာရုံပြန်ပြီးတော့ လေ့လာဖို့ မလိုလား။ ရုပ်တရားကြီးက ဖောက်ပြန် ပြီး တော့ မပျက်လား။ ခံစားတာ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီး မပျက်လား ။ စေတနာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ခန္ဓာ ငါးပါးစလုံး နိစ္စလား။ အနိစ္စလား။ ဟော အဲဒါ ပရမတ်အာရုံ။ အာရုံက အနိစ္စလို့ပြတော့ သိတဲ့ဉာဏ်က အနိစ္စလို့ မသိ လား။ အာရုံက ဒုက္ခလို့ပြတော့ သိတဲ့ဉာဏ်က ဒုက္ခလို့ မသိလား။ အာရုံက အနတ္တလို့ ပြတော့ သိတဲ့ ဉာဏ်က အနတ္တလို့ မသိလား။ အာရုံ- အာရမ္မဏိက ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာ တုန်း။ ဒုက္ခ သစ္စာ။ အာရုံမှန်တော့ သဒ္ဓါ မှန်တယ်လို့ မဟောဘူးလား။ အာရုံက ဒုက္ခသစ္စာနော်။ ကဲ အာရုံ မှန်တော့ကာ ဒုက္ခသစ္စာက လွဲလို့ တခြား တွေ့သေးရဲ့လား။ လူချမ်းသာ တွေ့တာလား ဒုက္ခသစ္စာ တွေ့တာ

လား။ နတ်ချမ်းသာ တွေ့တာလား ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာ တွေ့တာလား ဒုက္ခသစ္စာလား။ အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။နော်။ လူချမ်းသာ ရှိတယ်။ နတ်ချမ်းသာ ရှိတယ်။ ဗြဟ္မာချမ်းသာ ရှိတယ်လို့ ဘယ်လိုပဲ့ ပြောပြော သူ လက်ခံပဲ့မလား။ သူ တွေ့နေတာက ဒုက္ခသစ္စာကိုး။

သိတော့ ပယ်တယ်လို့ မပြောဘူးလား။ ဒုက္ခသစ္စာလို့သိတာ အဝိဇ္ဇာလား ဝိဇ္ဇာလား။ ဝိဇ္ဇာ ဆိုရင် နလုံးသွင်းမှားတဲ့ အဝိဇ္ဇာ ချုပ် မချုပ်။ အဝိဇ္ဇာချုပ်ရင် နစ်က သုံးကို ကူးသေးရဲ့လား။ တဏှာ လာသေးရဲ့လား။ ဉပါဒါန် လာသေးရဲ့လား။ မလာတော့ ဘူး နော်။ အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်ဘူးလား။ နာမ်ရုပ်ကို သိတုန်းက ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်ဘူးလား။ အာသဝေါ တရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ----။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ---။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်။) ဤ ရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

(က္ကမာယ အမျှဝေ)

သာဓု သာဓု သာဓု။